ကေလာကျေးရွာ
အင်းခြံကေလာကျေးရွာအုပ်စု၊ ညောင်ရွှေမြို့နယ်

၂၀၂၃ - ၂၀၂၄ ခု ဘဏ္ဍာရေးနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)



ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
နန်းသဲကျေးရွာ၊ ညောင်ရွှေမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	ကျေးရွာ သယံဇာတပြုမြေပုံ၊	၄
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၇
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေးဇယား	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၈
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၈
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၉
၆။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၇။	ပညာရေး	၉
၈။	ကျန်းမာရေး	၉
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၀
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၀
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၀
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၁
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	
	စီမံချက် အဆိုပြုလွှာ (၁)	၁၂-၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅-၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၁၆-၁၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်မှ ၂၀၂၇-၂၀၂၈ ခုဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံး သော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက် ကြွကြွပံ့ပိုးပေး သော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှု ကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှုအခြေပြဇယားစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ကေလာကျေးရွာ သယံဇာတပြမြေပုံ၊ ညောင်ရွှေမြို့နယ်




ကေလာကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ ညောင်ရွှေမြို့နယ်



Scanned with CamScanner

ကေလာကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊ ညောင်ရွှေမြို့နယ်



အပိုင်း (က)
ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်
ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ကေလာကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ် ၊ အင်းခြံကေလာကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ညောင်ရွှေမြို့၏ တောင်ဘက်(၂၀)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ရေခြံနှင့် အင်းရေပြင်၊ မြောက်ဘက်တွင် ရေခြံနှင့် အင်းရေပြင်၊ တောင်ဘက်တွင် ဇရပ်ကြီးကျေးရွာနှင့်အနောက်ဘက်တွင် အုန်းပင်ကျေးရွာစသည်တို့ တည်ရှိနေပါသည်။ တောင်ပေါ်ဒေသဖြစ်ပြီး ကျေးရွာတွင် အင်သားလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကေလာကျေးရွာ၏ ရွာသီဥတုမှာ အေးမြစွတ်စိုသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ ကိုင်း/ကျွန်းမြေ(၅၆၉)ဧကော ရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ရှိပါသည်။ ကေလာကျေးရွာတွင် ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်း မရှိပါ။ လူဦးရေ ထူထပ်လာပါသဖြင့် တောတိရိစ္ဆာန် မျိုးစိတ်များနှင့် သဘောဝအပင်များ ရှာပါးပါသည်။ ငါးမျိုးစိတ်များကို ယခင်က တွေ့ရှိရသော်လည်း ယခုအခါ ရှားပါးနေပြီ ဖြစ်ပါ သည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကေလာကျေးရွာတွင် အိမ်ခြေ(၄၀၉)ရှိပြီး လူဦးရေပေါင်း(၂၉၉၅)ဦးရှိသည်။ အိမ်ခြေနှင့် လူဦးရေ အချိုးညီမျှသည်ဟု ယူဆပါသည်။ လေလာကျေးရွာတွင် အင်းသားလူမျိုးများ အများဆုံးနေထိုင်ကြပါသည်။ ကျေးရွာရှိ အထက်တန်းခွဲကျောင်းရှိသဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ကြပါသည်။ တက္ကသိုလ်ရောက်လျှင် နီးစပ်ရာတောင်ကြီးတွင် ဆက်လက်ပညာသင်ကြား ကြပါသည်။ တက္ကသိုလ် ဆက်လက်တက်ရောက်ရန် အခြားမြို့သို့ သွားရောက်ရခြင်းနှင့် ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုများ ရှိခြင်းတို့ကြောင့် တက္ကသိုလ်တက်ရောက်ပြီးသူ အလွန်နည်းပါသည်။ ကေလာကျေးရွာ လူဦးရေ (၂၂၂၇)ဦးမှာ အလုပ်လုပ်နိုင်သည့်အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းပါဝင်နိုင်မှု အားကောင်းပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကေလာကျေးရွာတွင် လူငယ်အဖွဲ့၊ ပရဟိတအဖွဲ့၊ ရေပေးရေးကော်မတီ၊ မီးလင်းရေကော်မတီ စသည့်အဖွဲ့များ ရှိပါသည်။ ကျေးရွာရှိလူငယ်အဖွဲ့၊ ပရဟိတအဖွဲ့၊ ရေပေးရေးကော်မတီနှင့် မီးလင်းရေးကော်မတီတို့သည် ကျေးရွာ၏ ပညာရေး၊ ဘာသာရေး၊ သာရေး၊ နာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စရပ်များတွင် ဆောင်ရွက်ကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး ဇယား:

ကေလာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျပန်းအလုပ်ကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ကိုင်း/ကျွန်းမြေများတွင် ခရမ်းချဉ်ကိုသာ အဓိကစိုက် ပါသည်။ အသီးပညာများဖွံ့ဖြိုး သောကျေးရွာဖြစ်သဖြင့် ပညာရေးနှင့် ဟိုတယ်ဝန်ထမ်းလုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း၊ ဝပ်ရှော့လုပ်ကိုင်သူလည်း ရှိပါသည်။

ကျေးရွာအနီးပတ်ဝန်းကျင်ရှိ ကိုင်း/ကျွန်းမြေများသာရှိသဖြင့် ခြံမြေကိုသာ နှစ်စဉ်ပြုပြင်၍ စိုက်ပျိုးကြပါသည်။ မိမိတို့ စိုက်ပျိုးရန်တတ်နိုင်သော ဧကထိ ခရမ်းချဉ်များကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု(၂၃၀)အိမ်ထောင်စုသာရှိပြီး မြေယာမဲ့အိမ်ထောင်စုအများအပြားရှိပါသည်။

စိုက်ပျိုးရေးလုပ်ငန်းမှာ ကျွန်းမြောမြေများပေါ်တွင် ခရမ်းချဉ်စိုက်ပျိုးခြင်းကို အဓိကအားထား၍ စိုက်ပျိုးကြပါသည်။ အချို့မှာ ချောင်းရေဖြင့်သာ မှီ၍အဓိကစိုက်ပျိုးကြပါသည်။ ခရမ်းချဉ်ကို ပုံမှန်အားဖြင့် ရာသီဥတု အခြေအနေမှန်ကန်မှုအပေါ်မူတည်၍ အထွက်နှုန်းကောင်းသည့်နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံ ဆုံးရှုံးမှုများ ဖြစ်ပေါ်တတ်ပါသည်။

အင်းလေးဒေသဖြစ်သောကြောင့် အဆင့်မြင့်စိုက်ပျိုးရေးသုံးစက်ကိရိယာများ ပိုင်ဆိုင်သုံးစွဲနိုင်မှုမှာ မရှိပါ။ ကိုင်း/ကျွန်းမြေများတွင် သဘာဝမြေဩဇာများကို အနည်းငယ်သာ သုံးစွဲနိုင်ပြီး ဓါတ်မြေဩဇာများကို အများဆုံးအသုံးပြုကြပါသည်။ ဓါတ်မြေဩဇာများကိုလည်း ညောင်ရွှေမြို့တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို ညောင်ရွှေစျေး၊ ညောင်ရွှေမြို့တွင် ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့်ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများကိုသာ အသုံးပြုကြ သည်။ ပိုးသတ်ဆေးသုံး၍ မိမိတို့၏ စိုက်ခင်များကို ကာကွယ်ကြောင်း တွေ့ရပါသည်။ အချို့နှစ်တွင် ပိုးကျရောက်မှုများသဖြင့် နီးစပ်ရာမြို့နယ်စိုက်ပျိုးရေးဌာနနှင့် ဆက်သွယ်၍နည်းပညာတောင်းခံရသည့် နှစ်လည်းရှိပါသည်။ယခုနှစ်တွင် ပိုးကျရောက်မှုများသောကြောင့် ခရမ်းချဉ်အပင်များပျက်စီးမှုများရှိသည်။ ချေးငွေကို ဆွေမျိုးများထံတွင် အတိုး(သို့)အတိုးမဲ့ဖြင့် ချေးယူကြရပါသည်။ သီးနှံပေါ်ချိန်တွင် ပြန်လည် ပေးဆပ်ရပါသည်။ သီးနှံများ ဆုံးရှုံးမှုများဖြစ်ပါက ပေးဆပ်ရန် ခက်ခဲကြ သည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဝက်၊ ကြက်စသည့် တိရစ္ဆာန်တို့ကို အနည်းငယ်သာ မွေးမြူထားကြပါသည်။ စိုက်ပျိုးရေးနှင့် ကျပန်းအလုပ်ကိုသာ အဓိက လုပ်ကိုင်ကြသဖြင့် မွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ကြခြင်းနည်းပါသည်။ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်ရန် အခွင့်အလမ်းကောင်းများရှိသော်လည်း မွေးမြူရေးကဏ္ဍ အသိပညာအားနည်းသဖြင့် မွေးမြူရေးလုပ်ငန်း မဆောင်ရွက်ကြပေ။ မွေးမြူရေးလုပ်ကိုင်ရန် နည်းပညာဝန်ဆောင်မှုများသည် အခက်အခဲဖြစ်သောကြောင့် ဖြစ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာသည် စိုက်ပျိုးရေးနှင့်ကျပန်းအလုပ်ကိုအဓိကလုပ်ကိုင်ပြီး ဝပ်ရှော့၊ အိမ်စျေးဆိုင်နှင့် ပညာရေး/ဟိုတယ်ဝန်ထမ်းစသည့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းအနည်းငယ်ရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ချေးငွေများကို ပြင်ပအဖွဲ့အစည်းနှင့်ချိတ်ဆက်ရယူခြင်းမရှိပါ။ အဆင်မပြေသော အိမ်ထောင်စုများမှာ ကျေးရွာတွင်းရှိ မိတ်ဆွေ၊ ဆွေမျိုးများထံမှသာ ပမာဏအနည်းငယ်ကို ချေးယူကြရသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျွန်ုပ်တို့ကျေးရွာတွင် လှေ၊ စက်လှေအများဆုံးပိုင်ဆိုင်ကြပြီး စက်ဘီး၊ မော်တော်ကားများ၊ အသင့်အတင့် ရှိပါသည်။ ကျေးရွာသည် ကျေးရွာတွင်းလမ်းသည်ကျောက်လမ်းဖြစ်ပြီး ကျေးရွာချင်းဆက်လမ်းများမှာလည်း ကတ္တရာလမ်း ဖြစ်ပါသည်။ လယ်/ဥယျာဉ်ခြံသို့ သွားသောလမ်းသည် ရေလမ်းကို အသုံးပြုရပြီး သီးနှံထွက်ကုန်များ သယ်ယူရာတွင် ကားဖြင့် သယ်ယူ၍ မရသဖြင့် လှေ၊ စက်လှေဖြင့်သာ သယ်ယူရပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကေလာကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိနေပြီ ဖြစ်ပါသည်။ အိမ်ခြေ(၅၈၂)အိမ်သည် လျှပ်စစ်မီး အသုံးပြုလျက်ရှိပြီး ကျန်(၉၀)အိမ်သည် လျှပ်စစ်မီးကို အသုံးမပြုနိုင်သေးပါ။ မီးနှင့် ပတ်သက်၍ ပျက်စီးပါက ပြုပြင်ရန် အခက်အခဲ ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဆက်သွယ်ရေးမှာ မြို့နှင့်အလှမ်းမဝေးသောကြောင့် ဖုန်းဆက်သွယ်ရေးကောင်းမွန်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုပါသည်။

၇။ ပညာရေး

ကေလာကျေးရွာလူဦးရေ စုစုပေါင်း(၂၉၉၅)ဦးတွင် တက္ကသိုလ်အဆင့်တက်ရောက်နေသူ(၂၂)ဦး ရှိခြင်းသည် ကျေးရွာ၏ ပညာရေးအားနည်းမှုကို ဖော်ပြလျက်ရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းထိ ပညာတတ် မြောက်ပြီးလျှင် မိဘလုပ်ငန်းနှင့် ကျပန်းအလုပ်ဝင်ရောက်လုပ်ကိုင်ကြသည်မှာ များသည်။ တက္ကသိုလ်ကို တောင်ကြီးမြို့သို့ သွားရောက်ပညာသင်ကြားကြရပါသည်။ပညာရေးစိတ်ဝင်စားပြီး ငွေကြေး တတ်နိုင်သူ အနည်းစုသာ မိမိတို့၏ သား/သမီးများကို အခြားမြို့တွင်ထား၍ တက္ကသိုလ်/ကောလိပ်ပညာကို ဆက်လက်သင်ကြား စေပါသည်။ ထို့ကြောင့် တက္ကသိုလ်ပညာအဆင့်တတ်မြောက်ပြီးသူ အသင့်သင့် သာရှိသည်။

၈။ ကျန်းမာရေး

ကျန်းမာရေးအခြေအနေမှာ ရာသီအလိုက်ဖြစ်ပေါ်တတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့် ဆီးချို၊ သွေးချို စသည့်ရောဂါများ ဖြစ်ပွားမှုရှိပါသည်။ ဟဲယာရွာမတိုက်နယ်ဆေးရုံနှင့် အနီးတွင်ရှိပါဖြင့် အဆိုပါ တိုက်နယ်ဆေးရုံ၌ သော်လည်း ကောင်း၊ ညောင်ရွှေဆေးရုံတွင်လည်းကောင်း ကုသကြပါသည်။ ကာကွယ်ဆေးထိုးနှံမှုအတွက် ကျန်းမာရေးဌာနရှိ ဆရာ၊ ဆရာမများမှ လာရောက်ထိုးနှံပေးလျက် ရှိပါ

သည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်အန္တရာယ်ရှိမှုအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အလွန် အားနည်းပြီး အမှိုက်များအား ကျေးရွာပိုင်အမှိုက်ကျင်း သတ်မှတ်ပေးထားသော်လည်း စနစ်တကျ မစွန့်ပစ်ကြသူများသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အခက်အခဲများမှာ အလယ်အလတ် အဆင့်ရှိပါသည်။ အမှိုက်များကို စနစ်တကျမစွန့်ပစ်ကျသဖြင့် ကျေးရွာတွင် မွေးမြူထားသော တိရိစ္ဆာန် များနှင့် ပတ်ဝန်းကျင်များ ထိခိုက်အန္တရာယ်များ အနည်းငယ်ဖြစ်ပေါ်လျက် ရှိပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှုတွင် အမျိုးသမီးများ တက်ကြွစွာပူးပေါင်း ပါဝင်မှု ရှိသော်လည်း မိမိတို့ကျေးရွာတွင် အမျိုးသမီးများမှာ ကျေးရွာ၏ စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီး ပါဝင်မှုအားနည်းပါသည်။ ပအိုဝ်လူမျိုးများဖြစ်သောကြောင့်နေရာပေးရန် ယုံကြည်မှုမရှိခြင်း၊ ရှေးရိုးစွဲ အယူအဆများစသည်တို့ကြောင့် ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှု များအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်များ အားနည်းသည်ကို တွေ့ရှိရပါသည်။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် ဘာသာရေးပွဲကလွဲ၍ အခြားပျော်ပွဲရွှင်ပွဲများ ကျင်းပပေးခြင်း မရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေးတက်ကြွစွာပါဝင် လုပ်ဆောင်ကြပါသည်။ လူငယ်များသည် အခြားအားကစားရေးရာနှင့် အပန်းဖြေဗဟုသုတရှာမှီးရန် နေရာများမရှိသောကြောင့် လူငယ်များသည် အသိပညာများကိုယ်တိုင်လေ့လာခြင်းနှင့် စူးစမ်းရှာဖွေခြင်း အားနည်းနေသဖြင့် စာကြည့်တိုက် တည်ဆောက်ပေးရန် လိုအပ်လျက်ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များ ဖွဲ့စည်းထားခြင်း မရှိပါ။ ရဲဘက်ဆိုင်ရာမှ အသိပညာပေးဟောပြောပွဲများကဲ့သို့ ဝန်ဆောင်မှုများရှိပါသည်။ ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်းဖြစ်ပွားမှု မရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၃-၂၀၂၄	၂၀၂၄-၂၀၂၅	၂၀၂၅-၂၀၂၆	၂၀၂၆-၂၀၂၇	၂၀၂၇-၂၀၂၈
၁	မီးတိုင်လဲလှယ်ခြင်းလုပ်ငန်း	၁	√				
၂	စိုက်ပျိုးရေးအတွက်အတိုးနည်းချေးငွေမတည်ပေးခြင်း	၂		√			
၃	ပညာရေးဝန်ထမ်းထပ်မံဖြည့်တင်းပေးခြင်း	၃			√		
၄	ဘုန်းကြီးကျောင်းယင်လုံအိမ်သာတည်ဆောက်ခြင်း	၄				√	
၅	ဘုန်းကြီးကျောင်းမိုးလျှောင်ရေကန်တည်ဆောက်ခြင်း	၅			√		
၆	ရေသန့်စင်စက်ဝယ်တပ်ဆင်ခြင်း	၆		√			
၇	စာသင်ကျောင်းရေစင်တည်ဆောက်ခြင်း	၇					
၈	အမှိုက်မီးရှို့ကန်တည်ဆောက်ခြင်း	၈				√	
၉	စာသင်ကျောင်းမြေထိန်နံရံတည်ဆောက်ခြင်း	၉					√
၁၀	ရေလမ်းမှတ်တိုင်စည်းတိုင်စိုက်ခြင်းနှင့်ခြံစည်းရိုးကာရံခြင်း	၁၀					√

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	- ကေလာကျေးရွာ
ကျေးရွာအုပ်စု	- အင်းခြံကေလာကျေးရွာအုပ်စု
မြို့နယ်	- ညောင်ရွှေမြို့နယ်
တိုင်း/ပြည်နယ်	- ရှမ်းပြည်နယ်(တောင်ပိုင်း)
စီမံချက်အမည်	**- သစ်သားမှ ကွန်ကရစ်မီးတိုင်လဲလှယ်ခြင်း**
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
ကေလာကျေးရွာသည် လက်ရှိသုံးစွဲလျက်ရှိသော လျှပ်စစ်မီးတိုင်များသည် သစ်သားမီးတိုင်များဖြစ်သဖြင့် သစ်သားမှ ကွန်ကရစ်မီးတိုင်းလဲလှယ်ရခြင်း ဖြစ်ပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
ကေလာကျေးရွာတွင် လက်ရှိရွာတွင်းလိုင်းမှာ သစ်သားမီးတိုင်များဖြစ်သဖြင့် ဟောင်းနွမ်းဆွေးမြေ့နေခြင်းကြောင့် အန္တရာယ်ကင်းစေနိုင်ရန် ရည်ရွယ်ပါသည်။	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)	
သစ်သားမီးတိုင်မှ ကွန်ကရစ်မီးတိုင်သို့ လဲလှယ်ခြင်းဖြင့် ကျေးရွာသူ/သားများသည် အန္တရာယ် ရွာလုံးကျွတ်မီးလင်းခြင်း ကျောင်းသူ/သားများလည်း စာကျက်ရာတွင် အဆင်ပြေစွာ ကျက်မှတ်နိုင်မည် ဖြစ်ပါသည်။	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်)	
သစ်သားမှ ကွန်ကရစ်မီးတိုင်လဲလှယ်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် (၁၆၀၀၀၀၀၀/-)ဖြင့် ဆောင်ရွက်သွားပါမည်။	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**

• ၁၅၀၀၀၀၀/-(ငွေသား) • ၁၀၀၀၀၀၀/-(ငွေသား) • (ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၁၄၈၆	၁၅၀၉	၂၉၉၅					
ကျိုးခံစားမည့်သူ ဦးရေ	၁၄၈၆	၁၅၀၉	၂၉၉၅					
မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ) - ကျေးရွာဖွံ့ဖြိုးရေးကော်မတီ - ကျေးရွာလူငယ်အဖွဲ့ - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - (၇.၈.၂၀၂၃)
(၃) စီမံချက် ပြီးစီးမည့် အချိန် - (၃၀.၁၀.၂၀၂၃)
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် - ကျေးရွာသူ/သားများ လုပ်အားပေးရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာ အတွင်းအသံချဲ့စက်ဖြင့်လည်းကောင်း၊ သက်ဆိုင်ရာ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများမှ အပိုင်းလိုက် နှိုးဆော်သွားပါသည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရပ်မိရပ်ဖများနှင့်ရွာသူရွာသားများ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာတွင်းမီးလိုင်းအတွက် ပြုပြင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်း၍ ပြုပြင်ထိန်းသိမ်းစရိတ်ရန်ပုံငွေရရှိရေး စုပေါင်းဆောင်ရွက်သွားပါမည်။

နောက်ဆက်တွဲ (၁)

ကေလာကျေးရွာ၊ အင်းခြံကေလာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးစံလင်း	ဥက္ကဋ္ဌ	၁၃/ညရန(နိုင်) ၀၂၉၄၉၉	၆၉	ဥက္ကဋ္ဌ	-
၂။	ဦးကျော်တင့်	ဥက္ကဋ္ဌ(ဝယ်)	၁၃/ညရန(နိုင်) ၀၉၀၆၈၅၅	၅၅	အတွင်းရေးမှူး	၀၉ - ၈၉၉၃၄၃၈၂၂
၃။	ဦးအောင်ထွန်းလင်း	ဘဏ္ဍာရေးမှူး	၁၃/ညရန(နိုင်) ၀၆၁၂၈၇	၄၃	ဘဏ္ဍာရေးမှူး	၀၉ - ၈၉၅၂၇၂၁၄၄
၄။	ဒေါ်ချောစုမွန်	စာရင်းကိုင်	၁၃/ညရန(နိုင်) ၀၁၃၈၀၅	၁၈	စာရင်းကိုင်	၀၉ - ၉၇၄၃၉၈၅၈၃
၅။	ဒေါ်ဇာလီအေးချမ်း	အဖွဲ့ဝင်	၁၃/ညရန(နိုင်) ၁၅၉၁၇၃	၁၈	သေ့ကိုင်(၁)	၀၉ - ၄၄၉၁၃၈၈၆၂
၆။	ဦးနေဇာဝင်း	အဖွဲ့ဝင်	၁၃/ညရန(နိုင်)၁၂၁၇၆၄	၃၀	သေ့ကိုင်(၂)	၀၉ - ၈၈၃၀၈၈၁၂၈
၇။	ဦးအောင်တိုး	အဖွဲ့ဝင်	၁၃/ညရန(နိုင်)၁၁၅၉၅၀	၄၄	အဖွဲ့ဝင်(၁)	-
၈။	ဒေါ်ယွန်းကေခိုင်ဦး	အဖွဲ့ဝင်	၁၃/ညရန(နိုင်)၁၄၉၆၂၂	၂၀	အဖွဲ့ဝင် (၂)	၀၉ - ၉၅၉၅၃၀၈၆၇
၉။	ဒေါ်ခင်ဆွေဝင်း	အဖွဲ့ဝင်	၁၃/ညရန(နိုင်)၁၃၂၆၀၅	၂၃	အဖွဲ့ဝင် (၃)	၀၉ - ၇၉၆၀၁၅၉၃၃
၁၀။	ဒေါ်နှင်းစုလှိုင်	အဖွဲ့ဝင်	၁၃/ညရန(နိုင်)၁၅၉၁၄၃	၁၈	အဖွဲ့ဝင် (၄)	၀၉ - ၉၈၁၃၀၀၁၈၁
၁၁။	ဦးဇော်လတ်	အတွင်းရေးမှူး	၁၃/ညရန(နိုင်) ၀၉၀၁၄၀	၃၅	အဖွဲ့ဝင်(၅)	၀၉ - ၂၅၈၃၉၅၀၈၀

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂၀	၁၄	၃၄
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၇၂	၈၈	၁၆၀
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၀၇	၁၂၀	၂၂၇
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၀၉	၁၀၅	၂၁၄
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၁၁၇	၁၁၁၀	၂၂၂၇
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၆၁	၇၂	၁၃၃
စုစုပေါင်း		၁၄၈၆	၁၅၀၉	၂၉၉၅
စုစုပေါင်း အိမ်ထောင်စု				၈၈၆

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စုနှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ (၅)နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည် မှာ အသက်(၅)နှစ်ပြည့်သည်မှအသက်(၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည်မှအသက်(၁၅)နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅)နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက် ဆိုသည်မှာ အသက်(၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များ ကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကေလာကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ စုစုပေါင်းလူဦးရေ (၂၂၂၇)ဦးရှိပါသည်။ အသက်(၁၄)နှစ်အောက်ကလေး မူလတန်းကျောင်းသားအရွယ် (၂၂၇)ဦးရှိပြီး သက်ကြီး ရွယ်အို(၁၃၃)ဦးခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ကေလာကျေးရွာရှိ ကျေးရွာသူ/သားများသည် အင်းသား လူမျိုးအများဆုံးနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင် သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၀၉	၉၅၀		မြင့် ☑ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၂၈၀	၉၂၄		မြင့် □ လတ်☑ နိမ့်□
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉၇	၁၁၅	၀	မြင့် □ လတ်☑ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂၀	၂၁၂	၈	မြင့် □ လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၂၅	၀	မြင့် □ လတ်□ နိမ့်☑

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင် ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင် သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာ ဖတ်ပြီးမှန်ရာတစ်ခုကို သာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၃၁	၅၁	၀	မြင့် □ လတ်□ နိမ့်☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၃၀	၆၇	၀	မြင့် □ လတ်☑ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ်□ နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့်□လတ်☑နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေး ရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အဌားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၀	၄၅	၀	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့်□လတ်□ နိမ့်☑
	စုစုပေါင်း	၁၈၅		၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အများဆုံး လုပ်ကိုင်သည်ကို တွေ့ရပြီး ဝပ့်ရော၊ အပ်ချုပ်၊ လက်သမား/ပန်းရံလုပ်ငန်း၊ ကျပန်းဝန်ထမ်း စသည်တို့ကိုလည်း လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဧယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက် ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၆၀၀၀	၇၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက် ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	နေ့စား	၈၀၀၀	၀	၇၀၀၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာတွင် နေ့စားလုပ်အားခများအနေဖြင့် ကျား - မ လုပ်အားခနှုန်းထား ကွာဟမှုအနည်းငယ်ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၅၈	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၅၆၉	ကောင်း ☐	သင့်☑	ညံ့ ☐

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
ဓနိတောမြေ	၀.၀၀	ကောင်း □ သင့်□ ညံ့ □
စားကျက်မြေ	၀.၀၀	ကောင်း □ သင့်□ ညံ့ □
မြေလွတ်မြေလပ်	၀.၀၀	ကောင်း □ သင့်□ ညံ့ □
စုစုပေါင်း		☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာတွင် ဥယျာဉ်ခြံမြေနှင့် ကိုင်းကျွန်း မြေပိုင်ဆိုင်မှုအများဆုံးဖြစ်ပြီး လယ်မြေ၊ ယာမြေ မရှိပါ။ စိုက်ပျိုးယာမြေများသည် မြေဆီဩဇာ မကောင်းတော့သဖြင့် ခါတ်မြေဩဇာများစွာ အသုံးပြု၍ စိုက်ပျိုးကြပါသည်.။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ□ သင့်□ နည်း□ မရှိ☑	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ□ သင့်□ နည်း□ မရှိ☑	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□ သင့်□ နည်း☑ မရှိ□	လွယ်□ ခက်□ အသုံးမပြုနိုင်ပါ□
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ□ သင့်□ နည်း□ မရှိ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာသည် ကျောက်၊ သဲ၊ ကျောက်စရစ်များနှင့် သတ္တုနှင့်အခြားသယံဇာတများ မတွေ့ရပါ။ တိရိစ္ဆာန်များအတွက် သဘာဝအပင်များသည်လည်း ယခုအခါ အနည်းငယ်သာ ကျန်ရှိပါသည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	**များ**	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	**အလွန်ကောင်း**	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု	**များ**	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) **အလွန်ကောင်း**	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၂၁	၃၅၅	၂၇၂	၁၃၈

ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာသည် ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် အလယ်အလတ်ရှိသော အိမ်ထောင်စုအများဆုံးရှိပြီး မပြေလည်သော အိမ်ထောင်စု၊ ပြေလည်သောအိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စု အသင့်အတင့်ရှိပါသည်။ ဥစ္စာဓနပိုင်ဆိုင်မှု ကြည့်ခြင်းအားဖြင့် ဖွံ့ဖြိုးဆဲဆင်းရဲသောကျေးရွာဖြစ်သည်ကို တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	၂၂၁	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
		ချေးယူ =၁၈ လုပ်အားခကြိုယူ = ၃
ဖေလမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၂၉၈	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၂၁ လုပ်အားခကြိုယူ = ၇

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကေလာကျေးရွာတွင် ဥစ္စာဓနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀ %ဖြစ်သော အိမ်ထောင်စု(၄၀)စုအား လေ့လာဆန်းစစ်ခဲ့ရာ အများစုသည် ငွေကြေးအခက်အခဲဖြစ်ပေါ်လာပါက ဆွေမျိုးများထံနှင့်ငွေတိုးချေးသူများထံမှ ချေးယူခြင်းနှင့် အလုပ်ရှင်ထံတွင် လုပ်အားခကြိုထုတ်ခြင်းဖြင့် ဖြေရှင်းကြောင်း တွေ့ရှိရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			၁၀
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု			
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ မရှိပါ။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုနှင့်မုဆိုးဖိုအိမ်ထောင်စုများ မရှိပါ။ အခြားဒေသသို့ ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့်အိမ်ထောင်စု မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၃	ရေကြီးခြင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၄	မိုးခေါင်ခြင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၅	အအေးလွန်ကဲခြင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၆	မုန်တိုင်း	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၇	ငလျင်	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၈	မီးဘေး	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၉	ဆားငန်ရေဝင်မြေ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၂	၄က်ဖျားရောဂါ	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၁၃	တီဘီရောဂါ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၇	လူကုန်ကူးခြင်း	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူ ရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်
အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်
အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာသည် ထိခိုက်သက်ရောက်မှု အမျိုးအစားတွင် စားနပ်ရိက္ခာမဖူလုံမှု၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မီးဘေးများ နှစ်စဉ်အနည်းငယ် ကြုံတွေ့ရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့်☐ လတ်☐ နိမ့်☑ မရှိ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၁	လူနည်းစုလူမျိုးများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၅	ဆေးစွဲသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၇	လှည့်လည်သွားလာ၍စျေးရောင်းသူများ	မြင့်☐ လတ်☑ နိမ့်☐ မရှိ☐
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်☐ လတ်☐ နိမ့်☐ မရှိ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှု ရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာသည် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများအတွက် အုပ်စုလိုက်ခွဲခြားသတ်မှတ်ရာတွင် မြေယာမဲ့၊ ဆင်းရဲသောတောင်သူများနှင့် လက်လုပ်လက်စားအိမ်ထောင်စုများသည် ထိခိုက်သက်ရောက်မှု ခံရနိုင်ပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	လူငယ်အဖွဲ့	၁□ ၂ ☑ ၃ □	၄၀	၂၀	၆၀	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်□ ညံ့□
၂	မီးလင်းရေး ကော်မတီ	၁□ ၂ ☑၃ □	၀	၁၅	၁၅	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း□ သင့်☑ ညံ့□
၃	ရေကော်မတီ	၁□ ၂ ☑၃ □	၀	၂၂	၂၂	ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး☑ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေ/☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်□ ညံ့□
၄	ပရဟိတ အဖွဲ့	၁□ ၂ ☑ ၃ □	၈	၆	၁၄	ပညာရေး☑ ငွေကြေး□ ကျန်းမာရေး☑ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်□ ညံ့□
၅	ရပ်မိရပ်ဖ	၁□ ၂ ☑ ၃ □				ပညာရေး☑ ငွေကြေး□ ကျန်းမာရေး☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/ ☑ လုံခြုံရေးနှင့်ကာကွယ်ရေး☑	ကောင်း☑ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆		၁□ ၂ □ ၃ □				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့်ကာကွယ် ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□ ၂ □ ၃ □				ပညာရေး□ ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာတွင် ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေးနှင့် သာရေးနာရေး/လူမှုဖွံ့ဖြိုးရေးအတွက် လူငယ်အဖွဲ့၊ ရပ်မိရပ်ဖ၊ ရေကော်မတီ၊ မီးကော်မတီအဖွဲ့တို့မှ ဦးဆောင်၍ အဓိကဆောင်ရွက်ပေးလျက် ရှိပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး□ ငွေကြေး□ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။
မှတ်ချက်။
(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ
နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်)တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။
လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြင်ပ ဖွံ့ဖြိုးရေးအဖွဲ့အစည်း များမှ ကျေးရွာတွင် ဝင်ရောက်ဆောင်ရွက်မှုမရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၃၆	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၂၃၀	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၃၂၁	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၁၈	တောင်သူလတ်
၅	၁၂.၅ဧကအထက်	၈၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၈၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကလာကျေးရွာတွင် စိုက်ပျိုးရေးကို အခြေခံပြီးအသက်မွေးဝမ်းကျောင်းပြုကြသော်လည်း မြေယာမဲ့အိမ်ထောင်စုများသည် ကျေးရွာအိမ်ထောင်စုပေါင်း၏ တစ်ဝက်ခန့်ရှိပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၆	လက်ဝင်ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□	ရှိ□ မရှိ□ မဖြေဆိုပါ□

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			မဖြေဆိုပါ□	
၇	စိမ့်စမ်းရေ	၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ□
၈	ချောင်းရေ	၅၅၈	တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ☑ မရှိ□ မဖြေဆိုပါ□

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကလောကျေးရွာတွင် ဥယျာဉ်ခြံအတွက် စိုက်ပျိုးရေးကို ချောင်းရေကို အသုံးပြုလျက်ရှိပြီး တစ်နှစ်ပတ်လုံးလုံလောက်မှု ရှိပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဧယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကိုသာရွေး ရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
ခရမ်းချဉ်	၃၉၈	ပိဿာ	၁၀၀၀	၁၅၀၀	၁၂၀၀	Jan	Dec	မြင့်☑လတ်□ နိမ့်□	မြင့်□ လတ်☑ နိမ့်□
ကြက်သွန်	၂၆၂	ပိဿာ	၇၀၀	၁၅၀၀	၁၀၀၀	Nov	April	မြင့်☑လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်☑
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကလောကျေးရွာတွင် ခရမ်းချဉ်နှင့်ကြက်သွန်ကို အဓိကထား စိုက်ပျိုးကြပြီး တစ်ဧကလျှင် ခရမ်းချဉ်သီးအထွက်နှုန်း ပိဿာ(၁၀၀၀)မှ(၁၂၀၀)ထိ ထွက်ရှိလျက် ရှိပါသည်။ နှစ်စဉ် ကြက်သွန်များသည် အမြတ်ရရှိမှု အလယ်အလတ်ရှိသော်လည်း ယခုနှစ်တွင် ခရမ်းချဉ်သီးသည် အမြတ်ရရှိမှုနည်းပါးပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၇	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၁၂၈	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၅	၀	၀	၀

ရင်းမြစ်... (၁)အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂)ဦးတည်အုပ်စုဆွေးနွေးခြင်း **လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ကိုင်သူများသည် နီးစပ်ရာဒေသများမှ စိုက်ပျိုးရေး ကိရိယာကို ငှားရမ်းသုံးစွဲနေကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆ သောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐သင့်တင့်မျှတ☐ မဖြေဆိုပါ☑
စိုက်ပျိုးရေအရင်းအမြစ်	ပေါများ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည်☐ ရသည်☐မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်☐ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်☑ မဖြေဆိုပါ☐
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့် အခြား အော်ဂဲနစ်သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည်☑ မဖြေဆိုပါ☐
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☑ ဝယ်ယူရနိုင်သည်☐ မဖြေဆိုပါ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (<u>မှန်ရာတစ်ခုကိုသာ</u>ရွေးရန်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆ သောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ☐
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☐ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်☐ သီးနှံများကိုရောင်းချနိုင်သည်☑ မဖြေဆိုပါ☐

ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကေလာကျေးရွာသည် သီးနှံစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးရေးဆိုင်ရာ အရင်းအမြစ်နှင့် သီးနှံမျိုးစေ့ရရှိနိုင်မှုနှင့် ဓါတ်မြေဩဇာများ အလွယ်တကူ ဝယ်ယူရရှိနိုင်သဖြင့် သီးနှံအထွက်နှုန်းစေရန် အခွင့်အလမ်းကောင်းဖြစ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား ၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း☑ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ☐ လယ်ယာမြေဆုံးရှုံးမှုများသည်☐ လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်☐ ပလပ်မြေများရှိသည်☐ ပလပ်မြေအသင့်အတင့်ရှိသည်☐ မဖြေဆိုပါ☑
စိုက်ပျိုးရေးအရင်းအမြစ်	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြား အော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြား	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑

ပြဿနာနှင့်အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား ၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
ဓာတုဗေဒသွင်းအားစုများ	
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင်☐ လုံးဝမရ☐ မဖြေဆိုပါ☑
သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ☐ သီးနှံများကိုရောင်းချရန်စျေးကွက် မရှိပါ☐ မဖြေဆိုပါ☑
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ☐ အသင့်အတင့်ကျ☑ အနည်းငယ်☐ မဖြေဆိုပါ☐

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကလာကျေးရွာသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ အလုပ်အကိုင်အခွင့်အလမ်းများကောင်းမွန်သော်လည်း မြေဆီဩဇာမကောင်းခြင်းနှင့် မိုးမမှန်ခြင်းတို့ကြောင့် အထွက်နှုန်းနည်းပါသည်။ နှစ်စဉ် ဖျက်ပိုးနှင့်ရောဂါကျရောက်မှု ကြုံတွေ့ရပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၀	၀
နို့စားနွား	၀	၀
ကျွဲ	၀	၀
မြင်း	၀	၀
မြည်း	၀	၀
လား	၀	၀
ဆိတ်	၀	၀
သိုး	၀	၀
ဝက်	၃၂	၈၅

မွေးမြူရေးနှင့်ငါးလုပ်ငန်း	မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသောအိမ်ထောင်စု	ကောင်ရေ
ကြက်	၁၂	၄၀
ဘဲ	၃၂	၁၄၉
နွားနောက်	၀	၀
ငါးလုပ်ငန်း		
ငါးကန်	၀	၀
ပုဇွန်ကန်	၀	၀
ဂဏန်းမွေးမြူရေးလုပ်ငန်း	၀	၀
ရေချိုငါးဖမ်းလုပ်ငန်း	၀	၀
ကမ်းလွန်ငါးဖမ်းလုပ်ငန်း	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကေဘာကျေးရွာ၌ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ မရှိပါ။ စားသုံးရန်အတွက် ဝက်၊ ကြက်နှင့် ဘဲအနည်းငယ်မွေးမြူထားသည်ကို တွေ့ရှိရပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဧယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဧယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	ပေါများ□ အသင့်အတင့်□ မဖြေဆိုပါ☑
ရေရရှိမှု	အလုံအလောက်ရနိုင်□အသင့်အတင့်ရနိုင်☑ မဖြေဆိုပါ□
မျိုးတိရစ္ဆာန်လက်လှမ်းမီမှု	မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်☑ မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်□ မဖြေဆိုပါ□
ချေးငွေ	ချေးငွေလွယ်ကူစွာရနိုင်□ ချေးငွေအသင့်အတင့်ရနိုင်□မဖြေဆိုပါ☑
သွင်းအားစု (မွေးမြူရေးအစာ၊ ဆေးစသည်) ဈေးကွက်	သွင်းအားစုများလွယ်ကူစွာဝယ်ယူနိုင်သည်☑ သွင်းအားစုများဝယ်ယူနိုင်သည်□ မဖြေဆိုပါ□
